**မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ**
**သင့်ဘဝပြည့်စုံမည်။**


ထေရဝါဒ ဗုဒ္ဓသာသနာတော် သုံးပါးပြု
လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်
ယောဂီကျောင်းလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၆၁၈၂၊ ၅၁၉၇၅၀

**ခရစ်သက္ကရာဇ်** **ကောဇာသက္ကရာဇ်**
**၂၀၀၈-ခုနှစ်** **၁၃၇၀-ပြည့်နှစ်**

# လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်

လှိုင်မဟာစည် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ဟာ ကျေးဇူးတော်ရှင် ဆဋ္ဌသံဂီတိ ပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ အရိယမဂ္ဂလမ်းညွှန်၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာစည် ဆရာတော် ဘုရားကြီးရဲ့ နည်းနာနိဿယအတိုင်း ကျင့်သုံးကြတဲ့ ကျောင်းများအနက်က တစ်ကျောင်းဖြစ်ပြီး ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁–ရပ်ကွက်၊ ယောဂီကျောင်းလမ်း လှိုင်တက္ကသိုလ်အနီးမှာ တည် ရှိပါတယ်။




လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ဟာ သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာနဆိုတဲ့ အမည်နဲ့ ၁၉၃၃–ခုနှစ်ကတည်းက တည်ရှိခဲ့တာဖြစ်ပြီး ၁၉၇၉–ခုနှစ်၊ ဇန်နဝါရီလ ၂၇–ရက်မှာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာစည်ဆရာတော်ဘုရားကြီးက သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာနကို ၄င်းလက်ခံရရှိတဲ့နေ့မှာပဲ တပည့်အရှင်စန္ဒဝရ (ယခုလက်ရှိ လှိုင်မဟာစည်ဆရာတော် ဖြစ်သူ) ကို အပြီးအပိုင် လွှဲပြောင်းအပ်နှင်းပြီး ဆက်ခံသာသနာ ပြုစေတော်မူပါတယ်။ အဲဒီနေ့မှာပဲ မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် လှိုင်မြို့နယ်အတွင်းမှာရှိတဲ့ မဟာစည် ကျောင်းတိုက်ဖြစ်လို့ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်လို့ သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာနကို အမည်သစ် ပညတ်စေတော်မူပြီး ကျောင်းထိုင်ဆရာတော် တပည့် အရှင်စန္ဒဝရ ကိုလည်း လှိုင်မဟာစည်ဆရာတော်လို့ ချီးမြှောက်ပေးတော်မူခဲ့ပါတယ်။

ထိုအချိန်မှ စတင်ပြီး လှိုင်မဟာစည် ဆရာတော် အရှင်စန္ဒဝရက လှိုင်မဟာစည် ဝိပဿနာ ကျောင်းတိုက်ဆိုတဲ့ အမည်နဲ့ ဆက်လက်သာသနာပြုခဲ့တာ ဖြစ်ပါတယ်။ ယခုဆိုလျှင် သာသနာ့မာရ်အောင် သက်တမ်းအားဖြင့် ၇၆-နှစ်၊ လှိုင်မဟာစည်သက်တမ်းအားဖြင့် ၃၀-နှစ် နီးပါး သာသနာပြုလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ သာသနာရေးဦးစီးဌာနသို့ ပေးပို့ သော စာရင်းများအရ ရဟန်းတော်၊ အမျိုးသား၊ အမျိုးသမီးယောဂီဦးရေမှာ နှစ်စဉ်နှစ်တိုင်းဦးရေ တစ်သောင်းကျော်ခန့် သာသနာပြု ဝိပဿနာအလုပ် အားထုတ်ရန် လာရောက်လေ့ရှိပါတယ်။ လှိုင်မဟာစည် သက်တမ်းနှစ်ပေါင်း ၃၀-အတွင်း ဝိပဿနာအားထုတ်ပြီး ယောဂီဦးရေ သုံးသိန်းကျော်ခန့် သာသနာပြုစေပြီး ဖြစ်ပါတယ်။

ကျောင်းတိုက်သို့ လာရောက်၍ ဝိပဿနာ ရှုပွားကြတဲ့ အမျိုးသားနဲ့ ရဟန်းယောဂီများ ကိုတော့ လှိုင်မဟာစည် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များက သင်ကြားစောင့်ရှောက်ပေးပြီး အမျိုးသမီး ယောဂီ၊ သီလရှင်ယောဂီများကိုတော့ လှိုင်မဟာစည် ကမ္မဋ္ဌာနာစရိယ သီလရှင် ဆရာလေးများ၊ အမျိုးသမီး သင်တန်းနည်းပြများက တာဝန်ယူ စောင့်ရှောက်ပေးလျှက် ရှိပါ တယ်။

ယောဂီများအားလုံး စနစ်တကျ အားထုတ်နိုင်ရန် ယောဂီအချိန်ဇယား၊ ယောဂီ စည်းကမ်းဆိုပြီး သီးခြားသတ်မှတ်ထားရှိပါတယ်။ ယောဂီများကတော့ တရားအားထုတ်ချိန်မှာ သင်ကြားထားတဲ့အတိုင်း တသွေမတိမ်း လိုက်နာကြရပါတယ်။ ရှုမှတ်မှုအချိန်ကတော့ မနက် ၃-နာရီမှ ည ၁၁-နာရီအတွင်း ထိုင်၍ရှုမှတ်တစ်လှည့်၊ လမ်းလျှောက်၍ ရှုမှတ်တစ်လှည့် ရှုမှတ်အားထုတ်ကြရပါတယ်။ တရားနာခြင်း၊ တရားစစ်ဆေးခြင်း၊ တရားလျှောက်ထားခြင်း၊ ရေချိုးခြင်း၊ ဆွမ်းစားခြင်း၊ ဘုရားဝတ်ပြုခြင်း၊ အိပ်ရာဝင်ခြင်း စသည်တို့ကိုလည်း အမှတ် မပျက်စေဘဲ အချိန်ပြည့် အားထုတ်ကြရပါတယ်။

တရားရှုမှတ် အားထုတ်ကြရုံသာမက ဗုဒ္ဓသာသနာတော်သုံးပါးဖြစ်တဲ့ -

(၁) ပရိယတ္တိသာသနာ = သာသနာ့အမွေတော် ယူနည်းသင်ခြင်း။

(၂) ပဋိပတ္တိသာသနာ = သာသနာ့အမွေတော်များကို ကျင့်ယူခြင်း။

(၂) ပဋိဝေဓသာသနာ = သာသနာ့အမွေတော်များကို ‘သိ’ ရရှိခြင်းအကြောင်း၊ သစ္စာ လေးပါးအကြောင်း၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စသည်ဆိုင်ရာ စာများကိုလည်း လေ့လာစေ၍ **“မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝ ပြည့်စုံမည်”** ဟူသော လှိုင်မဟာစည်၏ ဆောင်ပုဒ်ကိုလည်း သရုပ်ပေါ်စေလျှက် ရှိပါတယ်။

လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်တွင် တရားစခန်းဝင်လိုလျှင်တော့ မိမိတို့ ကိုယ်ပိုင် အသုံးအဆောင်များ၊ အိပ်ရာ၊ အင်္ကျီဖြူ၊ လုံချည်အညို၊ မှတ်စုစာအုပ်၊ ဘောလ်ပင်၊

လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် ထောက်ခံစာတစ်စောင် ယူဆောင်ကာ အချိန်မရွေး လာရောက်ရှုမှတ် သာသနာပြုနိုင်ကြပါတယ်။

တရားအားထုတ်ရန်လာသူ မည်သူမဆို ဆွမ်း၊ ရေ၊ မီးစရိတ်စသည့် မည်သည့် အခကြေးငွေမျှ ပေးစရာမလိုဘဲ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ကြပါတယ်။ မိမိ အားလပ်ချိန်နှင့် တရားအားထုတ်နိုင်စွမ်းပေါ် မူတည်၍ ၁-ရက်၊ ၂-ရက်၊ ၃-လ၊ ၁-နှစ် စသည် အချိန်ရသလောက် တရားရှုမှတ်နိုင်ကြပါတယ်။

ဒီလိုအခမဲ့ အေးချမ်းစွာ အားထုတ်နိုင်ရန်အတွက် လှိုင်မဟာစည် အကျိုးဆောင်များ၊ အလှူရှင်များက စုပေါင်းဖြင့် စု၍ လှူဒါန်းခြင်း၊ အခါအားလျော်စွာ သဒ္ဓါအလျောက် လှူဒါန်းခြင်း၊ ဖြတ်ပိုင်းစာအုပ်များ အကျိုးဆောင်၍ လှူဒါန်းခြင်းတို့ဖြင့် ပြင်ပမှ ပံ့ပိုးလှူဒါန်းလျှက် ရှိပါတယ်။

## လှိုင်မဟာစည် ယောဂီ စောင့်ရှောက်ရေးအဖွဲ့

ကျောင်းတိုက်အတွင်းမှာတော့ လှိုင်မဟာစည် ယောဂီစောင့်ရှောက်ရေးအဖွဲ့က ယောဂီများ စိတ်ချမ်းသာစွာ တရားအားထုတ်နိုင်ရန်အတွက် လိုအပ်သော ကျောင်းအဆောက်အအုံ၊ သန့်ရှင်းသပ်ရပ်သော နေရာထိုင်ခင်း၊ အိမ်သာရေချိုးခန်း၊ ကျန်းမာရေးအတွက် ပြည့်စုံသော သန့်ရှင်းသည့် အစားအသောက်များ စသည်ပြည့်စုံစေရန် အမြဲတမ်း စီစဉ်ဆောင်ရွက်လျှက် ရှိပါတယ်။

လှိုင်မဟာစည် ယောဂီစောင့်ရှောက်ရေးအဖွဲ့ဆိုတာကတော့ ကျောင်းထိုင်အချုပ် ပဓာန နာယက လှိုင်မဟာစည်ဆရာတော် အရှင်စန္ဒဝရကို အမှူးထား၍ အောက်ပါရဟန်း သုံးပါးနှင့် သီလရှင်နှစ်ပါးက ဦးဆောင်တာဝန်ခံ ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

၁။ ကမ္မဋ္ဌာနာစရိယ လှိုင်မဟာစည် အရှင်ပညာသာမိ

၂။ ကမ္မဋ္ဌာနာစရိယ လှိုင်မဟာစည် အရှင်ဇောတိပါလ

၃။ ကမ္မဋ္ဌာနာစရိယ လှိုင်မဟာစည် အရှင်ဉာဏောဘာသ

၄။ ကမ္မဋ္ဌာနာစရိယ လှိုင်မဟာစည် သီလရှင် ဒေါ်ကဉ္စနသိရီ

၅။ ကမ္မဋ္ဌာနာစရိယ လှိုင်မဟာစည် သီလရှင် ဒေါ်နာထကာရီ

အဲဒီတာဝန်ခံ ပုဂ္ဂိုလ် ၅-ဦးကိုတော့ ကျောင်းတိုက်မှာ အခါအားလျော်စွာ အချိန်ပို လုပ်အားပေးလာသူ ဒကာ/ဒကာမများ၊ ကျောင်းတိုက်မှ သင်တန်းနည်းပြ ရဟန်းတော်များ၊ သီလရှင်များ၊ တိုင်းရင်းသား/သူကလေးများက ဝိုင်းဝန်းကူညီသာသနာပြုကြတာ ဖြစ်ပါတယ်။

## လှိုင်မဟာစည် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့

လှိုင်မဟာစည် ယောဂီစောင့်ရှောက်ရေးအဖွဲ့ရဲ့ လက်အောက်မှာတော့ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့နှင့် တိုင်းရင်းသားကလေးများ လောကီလောကုတ္တရာ ပညာသင် ထောက်ပံ့ရေးအဖွဲ့ဆိုပြီး သီးသန့်ခွဲခြားဖွဲ့စည်းထားပါသေးတယ်။

လှိုင်မဟာစည် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ရဲ့ တာဝန်ကတော့ ကျောင်း တိုက်အတွင်း ဝိပဿနာတရား လာရောက်အားထုတ်ကြသော အမျိုးသမီးယောဂီများ၏ ဝိပဿနာတရား သင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ သာမာန်ကျန်းမာရေးသာမက ကျောင်းတိုက် ၏ ရုံးလုပ်ငန်း ကိစ္စအဝဝ၊ ချက်ပြုတ်ရေး၊ ဝယ်ခြမ်းရေး၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ အထွေထွေ ကိစ္စများ စသည်တို့ကို စီမံခန့်ခွဲရခြင်းပဲ ဖြစ်ပါတယ်။

စတင်ရောက်ရှိစ အမျိုးသမီးယောဂီများကိုလည်း ရှုနည်း၊ မှတ်နည်း၊ အချိုးကျ၍ လွယ်ကူစွာ ရှုမှတ်နိုင်စေရန် ကမ္မဋ္ဌာနာစရိယ၊ သင်တန်းနည်းပြ သီလရှင်တို့က ကိုယ်တိုင် သရုပ်ပြ အနီးကပ်ကြီးကြပ် သင်ကြားပေးကြရပါတယ်။ သင်ကြားပေးပြီးသော် အချိုးကျကျ မှန်မှန်ကန်ကန် ရှုမှတ်နိုင်သည်အထိ စောင့်ကြည့်ပေးကြပါတယ်။



နေ့စဉ် ယောဂီများ အိပ်ရာထသည့် မနက် (၃)နာရီအချိန်မှ ညအိပ်ရာဝင် (၁၁)နာရီအချိန် အနားယူသည်အထိ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့က အလှည့်ကျ စောင့်ရှောက်ပေးပြီး ယောဂီများ အိပ်စက်အနားယူမှသာ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ တာဝန်ကျသူတို့လည်း အနားယူကြရပါတယ်။

ထို့အပြင် ယောဂီများ တရားအားထုတ်နေစဉ်အတွင်း အနှောက်အယှက်ကင်းကင်း တရားအားထုတ်နိုင်ရန်အတွက် ဧည့်သည်တွေ့ခြင်း၊ ပစ္စည်းပေးခြင်းကိစ္စတို့ကိုလည်း စနစ်တကျ ကန့်သတ်ထားရှိပါတယ်။ ကိစ္စအကြောင်းကြီးငယ်ရှိပါက အဖွဲ့သားအားလုံး မျက်နှာစုံညီစွာ စုပေါင်းစည်းဝေး ဆုံးဖြတ်ခြင်းဖြင့် ကိစ္စပြီးမြောက်စေပါတယ်။

## နယ်တရားစခန်းများ

ဒါတင်မကသေးပါဘူး။ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်အနေဖြင့် မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ မဟာသတိပဋ္ဌာန် ဝိပဿနာတရား ပြန့်ပွားစေရန်အလို့ငှာ ကမ္မဋ္ဌာနာစရိယများ စေလွှတ်၍ တရားစခန်းများ ဖွင့်လှစ်သင်ကြား သာသနာပြုကြပါသေးတယ်။ တရားစခန်းခရီးစဉ် တစ်ခုလျှင် အနည်းဆုံး ၇-ရက်မှ ၁၇-ရက် အထိကြာမြင့်ပြီး တစ်နှစ်အတွင်း တရားစခန်း ၅-နေရာခန့် အလှည့်ကျ သာသနာပြု သွားရောက်ကြရပါတယ်။



# တိုင်းရင်းသားကလေးများ လောကီလောကုတ္တရာ ပညာသင် ထောက်ပံ့ရေးအဖွဲ့

ပြည်နယ်နှင့် တိုင်းတရားစခန်းများကို သွားရောက်ဖွင့်လှစ် ဝိပဿနာ သာသနာပြုရာမှစ၍ မဖွံ့ဖြိုးသော ဒေသအချို့မှ ပညာဆက်လက်သင်ကြားလိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက် မသင်ကြားနိုင်သည့် ပညာသင်အရွယ် ချင်း၊ ကရင်၊ ပအိုဝ်၊ ဝ၊ ပဒေါင်၊ မွန်၊ ဗမာ စသော ကလေးငယ်များကို တွေ့ရှိခဲ့ပါတယ်။ ထိုအခါမှ အစပြု၍ ပညာသင်နိုင်သည့်အရွယ် ကလေးများ၏ ဘဝကို လောကီပညာ၊ လောကုတ္တရာပညာ နှစ်မျိုးဖြင့် မြှင့်တင်ပေးလိုသော နာယကချုပ် ဆရာတော်၏ မေတ္တာနှင့် ဆန္ဒအရ ၁၉၉၈-ခုနှစ်တွင် တိုင်းရင်းသားကလေးများ လောကီလောကုတ္တရာ ပညာသင် ထောက်ပံ့ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။



ရန်ကုန်မြို့ လှိုင်မဟာစည်ကျောင်းတိုက်သို့ တိုင်းရင်းသားကလေးများကို စနစ်တကျ လက်ခံခေါ်ယူ၍ စား၊ ဝတ်၊ နေ၊ သာမာန်ကျန်းမာရေးတို့ကို တာဝန်ယူပြီး အခြေခံပညာကျောင်းများတွင် ပညာသင်ကြားစေခဲ့ပါတယ်။ ကလေးများကို လောကီ အခြေခံပညာသာမက လောကုတ္တရာပညာဖြစ်သော ဗုဒ္ဓအဘိဓမ္မာတရားတော်များ၊ ကုသိုလ် အကုသိုလ်၊ သုစရိုက် ဒုစရိုက်ခွဲခြားနည်းများ၊ ဝိပဿနာတရား ရှုမှတ်နည်းများကိုလည်း သင်ကြားပေး၍ သာသနာ

ပြုစေပါတယ်။ ထို့ပြင် ကျောင်းတိုက်၏ ဝေယျာဝစ္စလုပ်ငန်းများကိုလည်း သင်ကြားပေး၍ တာဝန်ခွဲဝေ သာသနာပြုစေပါတယ်။

ကလေးများကို လက်ခံစဦးအချိန်က အနည်းငယ်သာ လက်ခံသင်ကြားပေးနိုင်ခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုး၍ လက်ခံခဲ့ရာ ယခု ၂၀၀၈-ခုနှစ်ဆိုလျှင် ကျောင်းသား/ကျောင်းသူ ၉၀-ဦး ရှိလာပြီဖြစ်ပါတယ်။ တိုင်းရင်းသားကလေးများ၏ လောကီပညာရေး၊ လောကုတ္တရာပညာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ကျန်းမာပျော်ရွှင်၍ ဗဟုသုတတိုးပွားရေးတို့ကို အဖွဲ့က ဂရုစိုက်၍ စီစဉ်ဆောင်ရွက်ပေးလျှက် ရှိပါတယ်။

ကလေးများ ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရန် ပညာသင်ကြားစရိတ်၊ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အစား၊ အသုံးအဆောင်၊ စားသောက်စရာများကို ပြင်ပအလှူရှင်များ၊ လှိုင်မြို့နယ် ဆွမ်းခံလမ်းတစ်လျှောက် ဆွမ်းအလှူရှင်များက ဝိုင်းဝန်းလှူဒါန်းကြပြီး ဃငို့သခကျနိန္ဒအတသမုယ ဗြိတိသျှသံရုံး အခြေခံဖွံ့ဖြိုးမှု အစီအစဉ်ကဲ့သို့သော အဖွဲ့အစည်းအချို့ ကလည်း ရံဖန်ရံခါ စွမ်းနိုင်သလောက် လှူဒါန်းကြပါသေးတယ်။

ကလေးများ ပညာသင်ကြားရေးအတွက် ကျောင်းတွင်းမှ အုပ်ချုပ်ရေးအဖွဲ့က စနစ် တကျ အချိန်မှန် စာကြိုးစားနိုင်ရန် အစဉ်အမြဲ ကြီးကြပ်ပေးပြီး ပြင်ပမှ စေတနာရှင်၊ ဝါသနာ ရှင် ဆရာ/ဆရာမများက လာရောက်သင်ကြား ပညာဒါနပြုပေးကြပါတယ်။

## နွေရာသီ မိဂဒါဝုန် ဝိပဿနာသင်တန်း



ထို့ပြင်လည်း ရန်ကုန်မြို့တွင်း နေထိုင်ကြပြီး လှိုင်မဟာစည် ကျောင်းတိုက်၏ လောကုတ္တရာပညာ သင်ကြားလိုသော ကလေးများကိုလည်း ဗုဒ္ဓယဉ်ကျေးမှုနှင့် တရားတော်တို့ကို မှန်ကန်စွာ သိမြင်တတ်မြောက်စေရန် ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်တိုင်း ကလေးများ အတွက် လှိုင်မဟာစည် မိဂဒါဝုန် ဝိပဿနာသင်တန်းကို တစ်လသင်တန်း ဖွင့်လှစ်၍ လက်ခံ သင်ကြားပေးလျှက် ရှိပါတယ်။

သို့ဖြစ်ပါ၍ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်သည် လောကီပညာ၊ လောကုတ္တရာ ပညာဆည်းပူးလိုသူ မည်သူမဆို လာရောက်ဆည်းပူးနိုင်ရန် ကြီးမြတ်သော နေရာဌာန တစ်ခုဖြစ်ပြီး လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ကလည်း မည်သူ့ကိုမဆို အမြဲနွေးထွေး လှိုက်လှဲစွာ ကြိုဆိုလျှက် ရှိပါတယ်။


လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်

ယောဂီကျောင်းလမ်း၊ ၁၁–ရပ်ကွက်၊

လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၂၆၁၈၂၊ ၅၁၉၇၅၀

**မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝပြည့်စုံမည်။**

## သစ္စာလေးပါး

၁။ ဒုက္ခ သမုဒယ၊ နိရောဓနှင့်
မဂ္ဂမည်သာ၊ လေးသစ္စာ၊
ဘုရားမြွက်စွာ ဟောထားသည်။

## လူနှင့်ခွေးတူသည်

၂။ သစ္စာလေးပါး၊ ဘုရားဟောတာ
ငါသူတို့အား နှစ်ပါးရှိရာ။
အဲဒါကြောင့်မို့ ခွေးနှင့်တူတာ၊
မှုမခြား၊ တူသွားရပြန်တာ။

**t b"rmwo*[ t|uwmbyi;Ei**
**rmwum uovwwt&aumulun/**

## လမ်းခွဲဖို့

၃။ မဟာသတိပဋ္ဌာန် အလုပ်အားထုတ်သူမှာ။
ကုန်သစ္စာများ ရငြားထိုခါ။
သစ္စာဉာဏ်လင်း၊ ထိုးထွင်းမြင်လာ။
ပညာရှိ၊ မှတ်သိခွေးထက်သာ။

လှိုင်မဟာစည်ဆရာတော်